# ဤကဲ့သို့အရေးကြီးသည့် ကျန်းမာရေးစစ်ဆေးခဲ့သည်ကို ချီးမွမ်းပါသည်။

## အဖြေတွေကကော?

သင့်ဓါတ်မှန်ပုံများကို ဓါတ်မှန်ဆရာဝန်ကြီးနှစ်ဦးက သီးခြားဖတ်ပါမည်။ သင့်အဖြေများကို သင့်ထံနှစ်ပါတ်အတွင်း ရောက်ရှိရန် တတ်နိုင်သမျှစီစဉ်ဆောင်ရွက်ပါလိမ့်မည်။ ယင်းအချိန် အတွင်း အဖြေမရရှိနိုင်ခဲ့လျှင် ဖုန်းနံပါတ် (08) 9323 6700 သို့မဟုတ် နယ်မှ အမျိုး သမီးများအနေဖြင့် အခမဲ့ဖုန်းနံပါတ် 1800 800 033 ဖြင့် ဗရက်စခင်းဒဗျူအေ သို့ ဆက်သွယ်ပါ။

သင့်အနေနှင့် အခြားမှာကြားချက်မရှိလျှင်၊ အဖြေများကို သင်ရွေးချယ်ထားသော ဆရာဝန် ထံသို့လည်း ပပေးပါသည်။

## အကယ်၍နောက်ထပ် ဓါတ်မှန်များရိုက်ရန်လို အပ်လျှင်ကော?

တစ်ခါတစ်ရံ နောက်ထပ်ဓါတ်မှန်များရိုက်ရန် ပြန်ခေါ်ဖို့ လိုအပ်တတ်ပါသည်။ ယင်းသို့ လိုအပ်လျှင် ရင်သားစစ်ဆေးသူ သူနာပြုဆရာမက သင့်ကိုဖုန်းဖြင့် ခေါ်ပြီးဆွေးနွေးပါမည်။

## မြို့ပြဒေသအတွင်းနေထိုင်သည့် အမျိုးသမီးများ

မြို့ပြဒေသအတွင်းနေထိုင်သည့် အမျိုးသမီးများအတွက်၊ ဆက်လက်လိုအပ်သည့် ဓါတ်မှန်များ ကို ဗရက်စခင်းဒဗျူအေ၏ ရင်သားစစ်ဆေးသည့်ဌာနများတွင် ပြုလုပ်ပါသည်။

ယင်းကဲ့သို့ ဆက်လက်ဓါတ်မှန်များရိုက်ရာတွင် ဘာမျှပြဿနာမရှိကြောင်း ပြသလေ့ရှိကြပါသည်။ အနည်းငယ်သော အမျိုးသမီးများမှာကား အာထရာဆောင်း သို့မဟုတ် အသားစ ထုတ်ယူခြင်းကဲ့သို့သော ထပ်မံ စစ်ဆေးမှုများလိုအပ်ပါသည်။ ယင်းစစ်ဆေးမှုများကို ထပ်မံ ဓါတ်မှန်ရိုက်သည့်နေ့တွင် တချိန်တည်း လုပ်ကိုင်ပေးပါသည်။

## အနောက်ဩစတြေးလျ နယ်ဒေသ၌နေထိုင်သည့် အမျိုးသမီးများ

နယ်မြို့ငယ်များတွင် နေထိုင်သည့် အမျိုးသမီးများအတွက် ထပ်မံဓါတ်မှန်ရိုက်မှုများကို ဓါတ်မှန်ရိုက်သည့် ကားဖြင့်လိုက်လံဆောင်ရွက်ပေးပါသည်။

ရင်သားစစ်ဆေးသည့် သူနာပြုဆရာမက သင့်အား တယ်လီဖုန်းဖြင့် ထပ်မံစစ်ဆေးမှုများ လုပ်ရန် လို - မလိုကို အကြောင်းကြားပါမည်။

## ထပ်မံဆက်လက်စစ်ဆေးမှုများ လုပ်ကြသည့် အမျိုးသမီးအများစုမှာ ကင်ဆာမရှိကြောင်း၊ သတိရှိရန်အရေးကြီးပါသည်။

ထပ်မံဆက်လက်စစ်ဆေးမှုများ လုပ်ရန်လိုအပ်သည့် အမျိုးသမီးအားလုံးအနေဖြင့် ရင်သားစစ်ဆေးသည့် ဌာနများထဲမှ တစ်ဌာနသို့ တန်း၍ညွှန်ပေးခြင်းကိုသော် လည်းကောင်း၊ မိမိဆရာဝန်ထံသွားတွေ့ရန်သော်လည်းကောင်း ရွေးချယ် နိုင်ပါသည်။ ရင်သားစစ်ဆေးသည့် ဌာနတွင် ရက်ချိန်းလာစဉ်၊ စစ်ဆေးမှုအဖြေများကို၊ ၂၄နာရီကြာပြီးမှရမည့် အသားစ စစ်ဆေးမှုအဖြေမှလွဲ၍၊ ရရှိနိုင်ပါသည်။

အနည်းငယ်သော ကင်ဆာရှိနေသူ အမျိုးသမီးများအတွက်၊ စောစီးစွာတွေ့ရှိခြင်းကြောင့် အောင်မြင်စွာ ကုသနိုင်ခြေများစွာ ကောင်းမွန်စေပါသည်။ သေးငယ်သောရင်သားကင်ဆာ များကို ခွဲစိတ်ကုသရာ၌ ကြီးမားသော ကင်ဆာများကဲ့သို့ ကြီးကြီးမားမားခွဲစိတ်ရန် မလိုအပ်မှု များပါသည်။ ဥပမာအားဖြင့်၊ ရင်သားတစ်ခုလုံးထုတ်ရန် မလိုဘဲ၊ ယင်းအလုံးကိုသာထုတ်နိုင်မှုများတတ်သည်။

## မင်မိုဂရမ်စစ်ဆေးမှုက ရင်သားကင်ဆာအား လုံးကိုပြမှာလား?

မင်မိုဂရမ် စစ်ဆေးမှုဖြင့် ရင်သားကင်ဆာများကို ၉၀%အထိတွေ့ရှိနိုင်ပါသည်။ သို့ဖြစ်သော်လည်း အနည်းငယ်သော ကင်ဆာများကို မင်မိုဂရမ်ဖြင့် မတွေ့ရှိနိုင်ပါ။

သင့်ရင်သားတွင် မင်မိုဂရမ်က ဘာမျှမပြသည့်တိုင်အောင် အဖုကြိတ်များ၊ နို့သီးခေါင်းမှ အရည်ထွက်ခြင်း သို့မဟုတ် ရင်သားဆက်တိုက်နာကျင်မှုအသစ်ရှိလာခြင်း ကဲ့သို့ တစ်ခုခုပြောင်းလဲနေမှုကို သတိ ထားမိလျှင်၊ သင့်ဆရာဝန်ထံ အမြန်သွားပါ။

အရည်အိတ်ကဲ့သို့ ကင်ဆာမဟုတ်သော အပြောင်းအလဲများကို မင်မိုဂရမ်တွင် များသောအားဖြင့် မြင်ရလေ့ရှိသော်လည်း၊ ထပ်မံစစ်ဆေးမှုများလိုအပ်မှသာ သင့်ကို အကြောင်းကြားပါမည်။

## ဒါပြီးရင်ဘာဖြစ်မလဲ?

ဗရက်စခင်းဒဗျူအေက သင့်ထံ နောက်တစ်ခါ မင်မိုဂရမ် မည်သည့် အခါ ရိုက်ရန်လိုကြောင်း စာပို့ပါမည်။

ကျွန်ုပ်တို့၏ အစီအစဉ်ဖြင့် စီစစ်သော မင်မိုဂရမ်များကို နောင်စစ်ဆေးမှုများဖြင့် နှိုင်းယှဉ်နိုင်ရန် သေချာစွာ သိမ်းဆည်းထားပါသည်။

## သတိရပါ။

- သင်သည် အသက်၅၀ သို့မဟုတ် ထို့အထက်ဖြစ်လျှင်၊ နှစ်နှစ်တစ်ခါ အမြဲတမ်း မင်မိုဂရမ်စစ်ဆေးမှု ပြုသင့်ပါသည်။
- ရင်သားကင်ဆာစောစီးစွာတွေ့ခြင်းဖြင့် သင့်အတွက် အကောင်းဆုံးကာကွယ်မှု ဖြစ်စေသည်။
- သင့်ရင်သားတွင် ပုံမှန်မဟုတ်သည့် ပြောင်းလဲမှု ပုံစံများ သတိထားမိလျှင် သင့်ဆရာဝန်ထံ အမြန်သွားတွေ့ပါ။

သင်သည် အိမ်လိပ်စာပြောင်းပါက၊ ဖုန်းနံပါတ် ၁၃ ၂၀ ၅၀* ကိုခေါ်ပြီး ကျွန်ုပ်တို့ကို အကြောင်းကြားပါ။

စကားပြန်လိုပါက၊ ၁၃ ၁၄ ၅၀ သို့ခေါ်ပါ။
(* မြို့တွင်းခေါ်စရိတ်ဖြင့်)

## တခြားဘာလုပ်ရမလဲ?

### အသက် ၅၀ကျော်လာလျှင်၊ နှစ်နှစ်တစ်ခါ မင်မိုဂရမ်စစ်ဆေးမှု မှန်မှန်လုပ်ပါ။

- မှန်မှန်စစ်ဆေးပါက၊ ရင်သား ကင်ဆာတစ်ခုခု တွေ့လာလျှင် ဖြစ်ခါစ အခြေ ဖြစ်နိုင်ပါသည်။
- သင့်မိသားစုအတွင်း (အမေ/ညီအစ်မ/သမီး/အဖေ/ညီအစ်ကို/သား) ရင်သား ကင်ဆာ ဖြစ်ခဲ့ဘူးလျှင်၊ နှစ်စဉ် မင်မိုဂရမ်ဖြင့် စစ်ဆေးမှုလုပ်ရန် အကြံပြုအပ် ပါသည်။
- သင့်တွင် ယခင်က ရင်သားကင်ဆာဖြစ်ခဲ့ဘူးလျှင် သင့်ဆရာဝန်နှင့် အချိန်မှန်မှန် ဆက်တွေ့ပြီး နှစ်တိုင်း မင်မိုဂရမ်စစ်ဆေးမှုလုပ်ရန် အရေးကြီးပါသည်။

### ရင်သားအကြောင်းသိရှိပါ ။

- သင့်ရင်သားနှင့် မိမိအတွက် ပုံမှန်အနေအထားကိုသိရှိပါ။ မှန်မှန် မိမိရင်သားများကို မှန် ထဲတွင်ကြည့်ရခြင်း နှင့်လက်ဖြင့်စမ်းသပ်မှုလုပ်ပါ။
- သင့်ဆရာဝန်ကို သင့်ရင်သားများအား မှန်မှန်စစ်ကြည့်ခိုင်းပါ။
- သင့်ရင်သားများတွင် အပြောင်းလဲများရှိသည်ကို သတိထားမိလျှင် သင့်ဆရာဝန်ထံ အမြန်သွားတွေ့ပါ။

### သင်လစ်လျူမရှုသင့်သော ပြောင်းလဲမှုများတွင်-

- အဖုအကြိတ်၊ အလုံးပုံစံ သို့မဟုတ် ထူထပ်လာခြင်း
- ရှုံ့ခြင်း၊ ချိုင့်ခြင်း သို့မဟုတ် အဖုအပိန့်ဖြစ်ခြင်းစသည့် ရင်သား၏အသားရည် အပြောင်းအလဲများ
- ဆက်တိုက် သို့မဟုတ် သာမန်မဟုတ်သော နာကျင်နေမှု
- ရင်သားနို့အုံ၏ ပုံသဏ္ဌာန် သို့မဟုတ် အရွယ်အစားပြောင်း လာမှု
- နို့သီးခေါင်းမှ အရည်ထွက်ခြင်း၊ သို့မဟုတ် ယင်း၏ ပုံသဏ္ဌာန်ပြောင်းလာမှု - တို့ ပါဝင်ပါသည်။

## သင့်တွင် မေးစရာများရှိပါသလား?

သင့်ဆရာဝန်ကိုဆက်သွယ်ပါ။ သို့မဟုတ် ဗရက်စခရင်းဒဗျူအေ

BreastScreen WA

(08) 9323 6700 ကို အချက်အလက်များအတွက်

13 20 50 ကို ရက်ချိန်းများအတွက် -

နယ်ဒေသများမှ အမျိုးသမီးများအတွက် အခမဲ့

1800 800 033 တို့ကို ဆက်သွယ်ပါ။

အီးမေးလ် - breastscreenwa@health.wa.gov.au

National Relay Service www.relayservice.gov.au

13 14 50 Translating and Interpreting Service (TIS)

WA's only accredited screening service

A joint Australian, State and Territory Government Program

**www.breastscreen.health.wa.gov.au**

© BreastScreen WA, Department of Health, 2015

BS000009 Nov 2015

Delivering a **Healthy WA**

Burmese

# BreastScreen WA

## သင့်မင်မိုဂရမ်စစ်ဆေးမှုလုပ်ပြီးနောက်၊ ဘာဖြစ်မလဲ?

## After your screening mammogram, what next?

Department of **Health**

GOVERNMENT OF WESTERN AUSTRALIA

WA's only accredited screening service

**13 20 50**